For every child
Health, Education, Equality, Protection
ADVANCE HUMANITY

unicef

## သတင်းထုတ်ပြန်ချက်

## "ဘက်စုံပေါင်းစည်းထားတဲ့ ကျန်းမာရေးဆိုင်ရာနည်းဗျူဟာတွေဟာ ကလေးသူငယ်အသက်ပေါင်း များစွာကို ကယ်တင်နိုင်ပါတယ်" ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ အထင်ကရဖြစ်သည့် ကမ္ဘာ့ကလေးသူငယ်များအခြေအနေ အစီရင်ခံစာ ၂၀၀၈ ကဖော်ပြလိုက်ခြင်း။

၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၂၂) ရက်၊ ဂျီနီဗာ။

အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုလျော့ချရေးကို အထောက်အကူပြုမည့် ချမှတ်ထားသော နည်းဗျူဟာများကို ယနေ့အချိန်တွင် အထူးအလေးထား လုပ်ဆောင်ခဲ့သည်ဟု ဂျီနီဗာတွင် ထုတ်ပြန်သည့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ အထင်ကရ အစီရင်ခံစာဖြစ်သည့် **ကမ္ဘာ့ကလေးသူငယ်များအခြေအနေ ၂၀၀၈– ကလေးသူငယ်ရှင်သန်မှု** တွင်ဖော်ပြထားသည်။

မကြာမီက ရရှိခဲ့သည့် အချက်အလက်စာရင်းများက အသက်ငါးနှစ်အောက် ကလေးသေပျောက်မှုနှုန်း ကျဆင်းခဲ့ကြောင်းဖော်ပြနေသော်လည်း **ကမ္ဘာ့ကလေးသူငယ်များ အခြေအနေ၂၀၀၈–ကလေးသူငယ်ရှင်သန်မှု** အစီရင်ခံစာအရ တွေ့ရှိရသည့် ကိန်းဂဏန်းများမှာ လက်ခံနိုင်သည်ထက် များနေသဖြင့် နောက်ထပ် တိုးတက်မှုများကို ဆောင်ကြဉ်းပေးမည့် လုပ်ဆောင်ချက်များနှင့် အစပျိုးဆောင်ရွက်ချက်များ ပြုလုပ်ရန် ရည်ညွှန်းဖော်ပြနေသည်။

"မိခင်၊ မွေးကင်းစနဲ့ ကလေးတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ကျန်းမာရေးဝန်ဆောင်မှုတွေ ရပ်ရွာအဆင့်ထိရောက်ရှိခြင်းနဲ့ အမျိုးသားကျန်းမာရေးစနစ်တွေ ရေရှည်တည့်တံ့ခိုင်မာ တိုးတက်ခြင်းတွေဟာ နေ့စဉ် သေဆုံးနေတဲ့ ငါးနှစ်အောက်ကလေး ၂၆,၀၀၀ ကျော်ကို ကယ်ဆယ်နိုင်ပါတယ်" ဟု ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ အမှုဆောင် ဒါရိုက်တာ Ann M. Veneman က ပြောသည်။

"ရိုးရှင်းပြီး လုပ်နိုင်စွမ်းရှိတဲ့ အသက်ကယ်ဆယ်ရေး လုပ်ဆောင်ချက်တွေဖြစ်တဲ့ မိခင်နို့တိုက်ကျွေးခြင်း၊ ကာကွယ်ဆေး ထိုးခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်း၊ ဗီတာမင်အေ တိုက်ကျွေးခြင်း စတာတွေရဲ့ အကျိုးသက်ရောက်မှုကို အစီရင်ခံစာမှာ ဖော်ပြထား ပါတယ်။ ဒီဆောင်ရွက်ချက်တွေ အားလုံးက ပြီးခဲ့တဲ့နှစ်တွင်းမှာ ကလေးသေဆုံးမှု လျော့ချရေးကို အထောက်အကူပြုခဲ့ပါတယ်" ဟု အမှုဆောင်ဒါရိုက်တာ Ann M. Veneman က ဆက်လက်ပြောသည်။

အဆိုပါအစီရင်ခံစာ၏ လေ့လာဆန်းစစ်မှုတွင် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ကုသမှုများ လက်လှမ်းမီရေးအတွက် လုပ်ဆောင်ရန် လိုအပ်ချက်များ ရှိနေသေးကြောင်းလည်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ အဆုတ်အအေးမိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါ၊ အဟာရချို့တဲ့မှုနဲ့ အိပ်(ချ်)အိုင်ဗွီရောဂါ တိုက်ဖျက်မှုများကို ကောင်းစွာဖြေရှင်းနိုင်မည်ဖြစ်သည်။

ရင်ဆိုင်ရမည့် စိန်ခေါ်မှုမှာ အမျိုးသားကျန်းမာရေးစနစ်က ပံ့ပိုးအားဖြည့်ပေးမည့် စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုကို ကလေးသူငယ်များ လက်လှမ်းမီနိုင်အောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။

“ကုလသမဂ္ဂက ချမှတ်ထားတဲ့ ကလေးကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်တွေ ပြည့်မီဖို့ဆိုရင် ကျန်းမာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်လုပ်ဆောင်တာဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ချမှတ်ထားတဲ့ ကျန်းမာရေးစနစ်တွေ အားနည်းတဲ့အချိန်မှာတောင် တိုးတက်မှုတွေဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan က ပြောသည်။

“တစ်ချိန်တည်းမှာ ကြားဝင်ကူညီဆောင်ရွက်မှုတွေနဲ့ ကလေးငယ်တစ်ဦးချင်းစီ ရောက်ရှိတဲ့ ဘက်ပေါင်းစုံက ပေါင်းစည်းထားတဲ့ ကြိုးပမ်းမှုတွေဟာ ချက်ချင်းအကျိုးရှိနိုင်တယ်ဆိုတာကို နိုင်ငံတော်တော်များများမှာ ဆောင်ရွက်နေတဲ့ အစီအစဉ်သစ်တွေက ပြသနေပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan က ဆက်လက်ပြောသည်။

ကမ္ဘာ့ကလေးသူငယ်များ အခြေအနေ ၂၀၀၈ အစီရင်ခံစာထဲတွင် ပါဝင်သည့် သတင်းအချက်အလက်အသစ်များမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းများအပါအဝင် အရေးပါသည့်အဖွဲ့များမှ ရရှိသည့်အချက်အလက်များ၊ အိမ်ထောင်စုစစ်တမ်း အချက်အလက်များမှ ကောက်နုတ်ထုတ်ယူထားခြင်းဖြစ်သည်။

အာဖရိက ဆာဟာရ တောင်ပိုင်းဒေသရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများသို့ ဘက်စုံအခြေခံကျန်းမာရေး စောင့်ရှောက်မှုပေးသည့် ဆောင်ရွက်လျက်ရှိသည့် ‘ကလေးရှင်သန်မှုနှင့် ဖွံ့ဖြိုးရေး အရှိန်မြှင့်ဆောင်ရွက်မှု’ အစီအစဉ်၏အောင်မြင်သည့် လုပ်ငန်းစံနမူနာများကို အဆိုပါ အစီရင်ခံစာတွင် တွေ့ရှိရမည် ဖြစ်သည်။

ထို့အပြင် ကမ္ဘာတွင် ဝက်သက်ရောဂါကြောင့် အသက်သေဆုံးရသူ ကလေးသူငယ် ၆၈% အထူးသဖြင့် အာဖရိကတွင် ၉၀% ကို လျော့ချနိုင်ရေးအတွက် တစ်ကမ္ဘာလုံးတွင် ပြုလုပ်ခဲ့သည့် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး အစီအစဉ်၏ အောင်မြင်မှု ဥပမာကောင်းများကိုလည်း တွေ့ရှိရမည် ဖြစ်သည်။

မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ ရှင်သန်မှုအတွက် အိမ်ထောင်စုမှ ရပ်ကွက်ဆေးခန်း၊ ခရိုင်အဆင့် ဆေးခန်းအထိ စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ခိုင်မာသည့် အမျိုးသားကျန်းမာရေး စနစ်ထဲတွင် ရင်းနှီးမြှုပ်နှံကာ ရောဂါတစ်ခုချင်းစီကို သီးသန့်အလေးထားသင့်ကြောင်း အစီရင်ခံစာက အကြံပြုထောက်ခံထားသည်။

အစီရင်ခံစာသည် ရပ်ရွာလူထုက ပူးပေါင်းပါဝင်သင့်ကြောင်း အလေးပေး ဖော်ပြထားသည်။ အကြောင်းမှာ ရပ်ရွာလူထုသည် အဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ကို ဖော်ဆောင်ပေးပြီး အလှမ်းဝေးသောဒေသမှ လူထုဆီသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ရောက်ရှိရာတွင်လည်း များစွာအထောက်အကူပြုသောကြောင့်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အသက်ငါးနှစ်အောက် ကလေးခြောက်ယောက်လျှင် ပျမ်းမျှ တစ်ဦးနှုန်းသေဆုံးနေသည့် အာဖရိက ဆာဟာရ တောင်ပိုင်းဒေသထက် ယင်းအသက်ကယ်ဆယ်ရေး နည်းဗျူဟာများရှိ၍ လိုအပ်သည့်နေရာ မရှိပေ။ ယင်းဒေသတွင် ကမ္ဘာ့ပေါ်ရှိ အသက်ငါးနှစ်အောက်ကလေး စုစုပေါင်း၏ လေးပုံတစ်ပုံ နေထိုင်လျက်ရှိပြီး ၂၀၀၆ ခုနှစ်တွင် အရောင်းဖယားများအရ အသက်ငါးနှစ်အောက်ကလေးသေဆုံးမှု စုစုပေါင်း၏ ထက်ဝက်နီးပါးမှာ အဆိုပါဒေသမှဖြစ်သည်။

အဆိုပါအစီရင်ခံစာသည် အာဖရိကနိုင်ငံများနှင့် အခြားနိုင်ငံများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများသေဆုံးမှု လျော့ချရေး အထောက် အကူပြုရန်အတွက် အာဖရိကသမဂ္ဂ၏ ပန်ကြားချက်အရ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းများက ဝိုင်းဝန်းပြုစုထားသည့် နည်းဗျူဟာမူဘောင်များနှင့် စပ်လျဉ်းသည့် သတင်းအချက် အလက်များကို ဖော်ပြထားသည်။

ယင်းအချက်အလက်များမှာ
– မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များအတွက် သတင်းအချက်အလက်ကောင်းများကို အသိပေးရန်။

– စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ရောဂါတစ်ခုချင်းကို အဓိကထား ကုသရေးနှင့် အဟာရဓာတ် ပြည့်ဝရေး ဖြည့်စွက်မှုများကို တစ်စုတည်းဆောင်ရွက်သည့် နည်းလမ်းကို ပြောင်းလဲကျင့်သုံးရန်။
– ကျန်းမာရေးစနစ်များကို အဆင့်မြှင့်တင် အားကောင်းစေရန် ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များ ကျန်းမာရေး နှင့် အဟာရဓာတ်ပြည့်ဝရေးကို ပုံမှန် အမျိုးသားကျန်းမာရေး စီမံကိန်းလုပ်ငန်းများ ဖြစ်အောင် ဦးစားပေးဆောင်ရွက်ရန်။
– ကျန်းမာရေးစနစ်များ အရည်အသွေးကောင်းမွန် တိုးတက်ရန် လုံလောက်သော ဘဏ္ဍာရေး ကူညီမှုပေးခြင်း။
– စဉ်ဆက်မပြတ်ဆင့်ကဲ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး ကြိုးပမ်းရာတွင် သက်ဆိုင်ရာ အာဏာပိုင်များ၏ ပံ့ပိုးကူညီမှုများ ရရှိရေး
– ကမ္ဘာတစ်ဝှမ်းလုံးမှာရှိသည့် ကျန်းမာရေးအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို သဟဇာတဖြစ်စေခြင်း။
တို့ဖြစ်သည်။

"ကလေးသူငယ် အသက်ရှင်သန်မှုဟာ လူ့အခွင့်အရေးအရ မဖြစ်မနေလုပ်ဆောင်ရမယ့် အလုပ်သာမက ဖွံ့ဖြိုးရေးအတွက်လည်း မဖြစ်မနေ ဆောင်ရွက်ရမယ့်အရာ ဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ် (လူသားဖွံ့ဖြိုးမှုကွန်ယက်)မှ ဒုတိယဥက္ကဋ္ဌ Joy Phumaphi က ပြောသည်။ ကလေးနှင့် မိခင်များ ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံတာဟာ နိုင်ငံတစ်နိုင်ငံအတွက် မှန်ကန်တဲ့ စီးပွားရေး ဆုံးဖြတ်ချက်တစ်ခုဖြစ်တဲ့အပြင် ကောင်းမွန်တဲ့ အနာဂတ်ဆီ လျှောက်လှမ်းတဲ့နေရာမှာ အသေချာဆုံး လမ်းကြောင်းတစ်ခု လည်းဖြစ်ပါတယ်" ဟု Joy Phumaphi က ဆက်လက်ပြောသည်။

**ကမ္ဘာ့ကလေးသူငယ်များအခြေအနေ ၂၀၀၈ အစီရင်ခံစာ တင်ဆက်ခြင်း။**

အဆိုပါ အစီရင်ခံစာကို ဇန်နဝါရီလ ၂၂ ရက်၊ အင်္ဂါနေ့ ဂျီနီဗာ စံတော်ချိန် နေလည် ၁ နာရီ ၃၀ မိနစ်၊ (ကမ္ဘာ့စံတော်ချိန် ၁၂ နာရီ ၃၀ မိနစ်) အချိန်တွင် ဆွတ်ဇလန်နိုင်ငံ၊ ဂျီနီဗာရှိ ကုလသမဂ္ဂအဆောက်အအုံ၊ သတင်းထုတ်ပြန်ရေးအခန်း (၃) ၌ စတင်အသိပေး ထုတ်ပြန်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာ Ann M. Veneman, ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Margaret Chan နှင့် အာဖရိကယူနီယံမှ လူမှုဝန်ထမ်းရေးရာ အကြီးအကဲ Ms. Bience P. Gawanas တို့ မိန့်ခွန်းပြောကြားခဲ့သည်။

ဗွီဒီယို သတင်းတို တင်ဆက်မှုကို www.thenewsmarket.com/unicef တွင် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့သည် နိုင်ငံပေါင်း ၁၅၀ ကျော်တွင် အခြေစိုက်ပြီး ကလေးငယ်များ ငယ်စဉ်ဘဝမှ ဆယ်ကျော်သက်အရွယ်အထိ ကျန်းမာသန်စွမ်းရှင်သန်အောင် ကူညီပံ့ပိုးလျက်ရှိသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးအများဆုံး ထောက်ပံ့ပေးသည့် အဖွဲ့ဖြစ်ပြီး ကလေးသူငယ်များ ကျန်းမာရေး၊ အာဟာရရရှိမှု၊ ရေကောင်းရေသန့်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ယောကျ်ားလေးနှင့် မိန်းကလေးငယ်များအားလုံး အဆင့်မီ အခြေခံပညာ သင်ယူနိုင်မှုများကို ထောက်ပံ့ပေးလျက်ရှိပြီး ကလေးငယ်များ အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခံရမှုနှင့် ခုခံအားကျဆင်းမှုရောဂါ ဖြစ်ပွားမှုတို့မှလည်း ကာကွယ်ပေးလျက်ရှိသည်။ အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းတို့က မိမိတို့ဆန္ဒအလျောက် ငွေကြေးဝိုင်းဝန်းပံ့ပိုး ထည့်ဝင်ထားသည်။

ဆက်လက်သိရှိလိုပါက ဆက်သွယ်ရန်

**ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့**

Angela Hawke,
UNICEF New York, ဆက်သွယ်ရန်ဖုန်း - (၁) ၂၁၂ ၃၂၆ ၇၂၆၉
ahawke@unicef.org

Michael Klaus,
UNICEF Geneva, ဆက်သွယ်ရန်ဖုန်း - (၄၁၂၂) ၉၀၉ ၅၇၁၂
mklaus@unicef.org

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့**

Olivia Lawe-Davies, Communication Officer ဆက်သွယ်ရန်ဖုန်း– (၄၁) ၂၂ ၇၉၁ ၁၂၀၉။
lawedavieso@who.int